# အာဆီယံစီးပွားရေးလုပ်ငန်းရှင်များမျက်စိထဲမှ တောင်အာရှကုန်စည်ပြပွဲ

တောင်အာရှကုန်စည်ပြပွဲကျင်းပခဲ့သည့် (၄)နှစ်တာကာလအတွင်းပြပွဲ၏ အတိုင်းအတာနှင့် အရှိန်အဝါသည် အဆက်မပြတ်တိုးချဲ့ပြီး အဆင့်အတန်းနှင့် အရည်အသွေးကိုလည်း လျင်မြန်စွာ မြှင့်တင်လာခဲ့သည်။ အာဆီယံစီးပွားရေးလုပ်ငန်းရှင်များအတွက် တောင်အာရှကုန်စည်ပြပွဲသည် နိုင်ငံအသီးသီးမှစီးပွားရေးလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရေးအဖော်များကိုရှာဖွေရန်၊ ပူးပေါင်းဆောင်ရွက်ရေးအဆင့်မြှင့်တင်ရန် စင်မြင့်တစ်ခုဖြစ်လာနေဆဲဖြစ်သည်။

ယခုနှစ်သည် မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်မှ တောင်အာရှကုန်စည်ပြပွဲသို့(၄)ကြိမ်မြောက်ပါဝင်တက်ရောက်လာခြင်းဖြစ်သည်။ ကုမ္ပဏီသည်နှစ်စဉ် ကုန်ပစ္စည်းအနည်းငယ်ကိုသာယူလာပြီးပြသလေ့ရှိသည်။ "တောင်အာရှကုန်စည်ပြပွဲမှာ ပစ္စည်းများရောင်းချဖို့အတွက်ရည်ရွယ်ထားတာမဟုတ်ဘူး။ ကိုယ်စားလှယ်များကိုရှာဖွေဖို့အတွက်ပါ။ ပြပွဲအပြင်ဘက်ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာပိုမိုအရေးကြီးတယ်"။ ကုမ္ပဏီတာဝန်ရှိသူဟန်ရင်ဌေးက အကြိမ်ကြိမ်ကျင်းပခဲ့သည့်တောင်အာရှ ကုန်စည်ပြပွဲဖြစ်သော စင်မြင့်မှတစ်ဆင့် ၄င်း၏ကုမ္ပဏီသည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကိုပြပွဲအပြီးတွင်ရရှိနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပိုများသော ပူးပေါင်းဖော်ပူးပေါင်းဖက်များနှင့်သိရှိရန် မျှော်လင့်ထားကြောင်းသတင်းထောက်အားပြောသည်။

ယခုအကြိမ်ပြပွဲသို့ ပါဝင်ပြသခဲ့သည့် မလေးရှားကုန်သည် ရွှေဝင်ကျွမ့်သည်တောင်အာရှ ကုန်စည်ပြပွဲကိုထပ်မံပါဝင်ပြသလာသော စီးပွားရေးလုပ်ငန်းရှင်ဖြစ်သည်။ ယမန်နှစ်ကသူ၏ ကောင်းကင်ပြာပျံလွှားငှက်သိုက်ကုမ္ပဏီသည် တောင်အာရှကုန်စည်ပြပွဲသို့ ပထမဆုံးအကြိမ်ပါဝင်ပြသသည်နှင့် ကောင်းမွန်လှသောအောင်မြင်မှုရလဒ် ရရှိနိုင်ခဲ့သည်။ "တရုတ်နိုင်ငံရဲ့ ပျံလွှားငှက်သိုက်ဈေးကွက်မှာ စွမ်းအားပုန်းကြီးမားလှပါတယ်။ ကျွန်တော်တို့ရဲ့ကုန်ပစ္စည်းများကို ရှန်ဟိုင်း၊ ပေကျင်းစသည့် ဒေသများအထိ ရောင်းချနိုင်ပါပြီ။ ဒီတစ်ကြိမ်တောင်အာရှကုန်စည်ပြပွဲမှာ ကုန်ပစ္စည်းများကူမင်းဈေးကွက်သို့ ထိုးဖောက်နိုင်မယ့်ပူးပေါင်းဆောင်ရွက်မှု အဖော်တွေ့ရှိဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"။

ဗီယက်နမ်ရီစိန်စားသောက်ကုန်လုပ်ငန်းကုမ္ပဏီသည် တောင်အာရှကုန်စည်ပြပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ပြသခြင်းဖြစ်သည်။ ကုမ္ပဏီ၏ အထွေထွေမန်နေဂျာမဒမ်ဖန့်ကဆန်သည် ဗီယက်နမ်၏ အားသာသော ကုန်ထုတ်လုပ်ငန်းဖြစ်ကြောင်းပြောသည်။ "တောင်အာရှကုန်စည်ပြပွဲဟာ ကျွန်မတို့ဗီယက်နမ်နိုင်ငံရဲ့ အရည်အသွေးမြင့်ဆန်များဖြန့်ဖြူးရောင်းချဖို့အတွက်စင်မြင့်တစ်ခု ထောက်ပံ့ပေးနိုင်ပါတယ်။ ခုအထိများလှတဲ့တရုတ်စီးပွားရေးလုပ်ငန်းရှင်က ဆန်ဈေးနှုန်းကိုလာရောက်မေးမြန်းခဲ့ပါတယ်"။

အင်ဒိုနီးရှားနိုင်ငံ တရုတ်အမျိုးသားဖြစ်သူ ဟော်စုချင်သည် နှစ်(၆၀) ကျော်သမိုင်းရှည်ကြာသော ဘီစကွတ်စက်ရုံတစ်ရုံလုပ်ကိုင်လျက်ရှိသည်။ တောင်အာရှ ကုန်စည်ပြပွဲသည် စီးပွားရေးအရ တန်ဖိုးမြင့်မားလှသော ပြပွဲကြီးတစ်ခုဖြစ်သည်ကို သူငယ်ချင်းထံမှ ပြောသံကြားရသဖြင့်ဟော်စုချင်သည်မိမိ၏ ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချရန်၊ အရောင်းကိုယ်စားလှယ်များရှာဖွေရန်အတွက် အစိုးရထံတောင်အာရှကုန်စည်ပြပွဲသို့ ပါဝင်ပြသရန်လျှောက်ထားခဲ့သည်။ "ပြပွဲမှာ ရောင်းဝယ်သမျှများဟာ အသေးစား အရောင်းအဝယ်သာဖြစ်ပါတယ်။ ပြပွဲကတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရေးဆက်ဆံမှုများတည်ထောင်ခြင်းမှသာ အကြီးစားအရောင်းအဝယ်ဖြစ်ပါတယ်"။ ၄င်းသည် တောင်အာရှကုန်စည်ပြပွဲတွင် မိမိသဘောကျမည့် ပူးပေါင်းဖော် ပူးပေါင်းဖက်များ တွေ့ရှိရခြင်းအတွက် မျှော်လင့်တောင့်တဖြစ်မိသည်။



မြန်မာ့ပြခန်းတစ်နေရာ

တောင်အာရှကုန်စည်ပြပွဲသို့ ပါဝင်ပြသခဲ့သည့် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်ဝါရော်နီသည် သစ်သီးဗျပ်ခွက်များကို အဓိကထားလုပ်ကိုင်လျက်ရှိသည်။ ထိုင်းနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ "ဒီတစ်ကြိမ်အခွင့်ကောင်းယူပြီး တခြားနိုင်ငံနဲ့ဒေသများက ပြပွဲပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်များနဲ့ ဖလှယ်ပြီး စီးပွားရေးအခွင့်အလမ်းသစ်ကိုရှာရပါမယ်"။ အလားတူ ထိုင်းနိုင်ငံမှ လာရောက်ပြသသော စီးပွားရေးလုပ်ငန်းရှင်ဖော်လိုကျဲကလည်း တောင်အာရှကုန်စည်ပြပွဲဖြစ်သည့် စင်မြင့်မှတစ်ဆင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့်သိရှိပြီး ယူနန်နှင့် တောင်အာရှနိုင်ငံများတွင် မိမိကုမ္ပဏီ၏ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်စေလိုကြောင်းဖော်ပြခဲ့သည်။

**ဤသတင်းစာတိုက်မှ သတင်းထောက်**
**- ကျူဟုန်ပင်၊ လျူရန်ချင်၊ မာရှောင်**

## ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ - မြန်မာစီးပွားရေးစင်္ကြံမှ ကုန်သည်ကြီးများအသင်း ပူးပေါင်းဆောင်ရွက်ရေးမဟာမိတ် ပထမအကြိမ်အစည်းအဝေးကျင်းပ

ဇွန်လ၁၄ရက်နေ့တွင်ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံမှကုန်သည်ကြီးများအသင်း ပူးပေါင်းဆောင်ရွက်မှုမဟာမိတ်၏ ပထမအကြိမ်အစည်းအဝေးကိုကူမင်းမြို့တွင် ကျင်းပခဲ့သည်။

ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာလေးနိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ကြသောကြောင့် စီးပွားရေးအရ အပြန်အလှန်ဖြည့်စွက်နိုင်စွမ်းနှင့် ပူးပေါင်းဆောင်ရွက်မှု စွမ်းအားပုန်းကြီးမားလှသည်။



ယူနန်သည်ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏တက်ကြွသော တွန်းအားပေးသူနှင့် အကျိုးခံစားသူဖြစ်သည်။ အတူတကွကြိုးစားခြင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံမှကုန်သည်ကြီးများအသင်း ပူးပေါင်းဆောင်ရွက်မှုမဟာမိတ်ကို ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာလေးနိုင်ငံတို့မှ ပုဂ္ဂလိကနှင့် အများပိုင်ဌာနများအကြား ညှိနှိုင်းဆွေးနွေးရန်စင်မြင့်၊ ကုန်သည်များအသင်းအကြား ဆက်သွယ်ဖလှယ်ရန်စင်မြင့်၊ စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်ဝန်ဆောင်မှုစင်မြင့်အဖြစ်တည်ဆောက်သွားမည်ဟုမျှော်လင့်ထားသည်။

ယခုအကြိမ်အစည်းအဝေး၏ အကြောင်းအရာမှာ "ကုန်သည်များအသင်းအကြား ပိုမိုပူးပေါင်းဆောင်ရွက်ကြ၊ စီးပွားရေးစင်္ကြံကို တိုးမြှင့်တည်ဆောက်စို့" ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာနိုင်ငံတို့သည် ပထဝီတည်နေရာအရ အိမ်နီးချင်းများဖြစ်ကြပြီး ရှေးပဝေသဏီမှစ၍ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလာခဲ့သည်။ ၂၀၁၅ ခုနှစ်ဇွန်လတွင် ယူနန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းက ကမကထပြု၍ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာလေးနိုင်ငံရှိ ကုန်သည်များအသင်း (၁၄)သင်းတို့မှ ကိုယ်စားလှယ်များသည် ကူမင်းမြို့တွင်ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့သည်။ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံကုန်သည်ကြီးများ အသင်းပူးပေါင်းဆောင်ရွက်ရေးစနစ် တည်ထောင်ရေးဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးတက်ရောက်သူကိုယ်စားလှယ်များက ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေး စင်္ကြံကုန်သည်များ အသင်းပူးပေါင်းဆောင်ရွက်ရေးမဟာမိတ်တည်ထောင်ရန်၊ ၂၀၁၆ ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးမဟာမိတ်၏ ပထမအကြိမ်အစည်းအဝေးကျင်းပရန်တညီတညွတ်တည်း သဘောတူကြသည်။

**သတင်းထောက် - လျူရန်ချင်၊ ရှုံရန်**

## ဓာတ်ပုံသတင်း ရေစက်ဆုံ၍ အပြန်အလှန် သိရှိ





ကမ္ဘာ့နိုင်ငံအသီးသီးမှ ရောက်ရှိလာကြသည့် မိတ်ဆွေများသည် တောင်အာရှကုန်စည်ပြပွဲတွင်သိရှိပြီး အပြန်အလှန်ဖလှယ်ကြသည်။ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ခြင်းဖြင့် ချစ်ကြည်ရေးကို ထင်ကျန်ရစ်ကြသည်။

ဤစာမျက်နှာပါဓာတ်ပုံများကို ဤသတင်းစာတိုက်မှ သတင်းထောက်များက ရိုက်ကူးထားခြင်းဖြစ်သည်။